မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 19, 2025 Volume 94, Number 15


၁၉. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၉.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၂.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၅၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၇ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## AI ဖြင့် ဆန်အရည်အသွေး စစ်ဆေးနိုင်ပြီ




မြန်မာနိုင်ငံက ဆန်ကြိတ်ခွဲထုတ်လုပ်ရေးနဲ့ ရောင်းချခြင်းလုပ်ငန်းများအတွက် AI (Artificial Intelligence) နည်းပညာနဲ့ ဆန်ရဲ့ရုပအရည်အသွေးကို စစ်ဆေးနိုင်ပြီလို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းကနေ သိရပါတယ်။

ဆန်အရည်အသွေး စစ်ဆေးမှုအတွက် Export နဲ့ Local ဆိုပြီး အက်ပလီကေးရှင်း နှစ်ခုကို PHI Co., Ltd. ကနေ တီထွင်ဖန်တီးထားတယ်လို့ သိရပါတယ်။

PHI Rice Solution Mobile App ကနေ Export အတွက် ဆန်၊ မြေဖြူရောင်ဆန်စေ့၊ ဆန်ဝါ၊ ဆန်နီကြောင်း ဆွဲဆန်နှင့် ဆန်နီစေ့၊ ဆန်ပျက်၊ လုံးပိန်လုံးညှပ်ဆန်၊ ဆန်တစ်စေ့ခြင်းစီရဲ့ အလျားနဲ့ အနံကို တိုင်းတာနိုင်ခြင်း၊ ဆန်လုံးပြည့်တွေရဲ့ ပျမ်းမျှ အလျားနဲ့ အနံကို တိုင်းတာနိုင်ခြင်းနဲ့ ပျမ်းမျှ Aspect Ratio တိုင်းတာနိုင်တယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ဆန်လုံးပြည့်နဲ့ ဆန်သား၊ ဆန်ကွဲကြီး၊ ဆန်ကွဲသေးတို့ရဲ့ အလေးချိန်ကို ရာခိုင်နှုန်းနဲ့ ခန့်မှန်းနိုင်ခြင်း၊ ဆန်လုံးပြည့်နဲ့ ဆန်သားပါဝင်တဲ့ရာခိုင်နှုန်းကို ဖော်ပြပေးခြင်း၊ ရရှိလာသောအဖြေများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပေးပို့နိုင်ခြင်း၊ သိမ်းဆည်းနိုင်ခြင်းနဲ့ လိုအပ်ပါက Print ထုတ်နိုင်ခြင်းတွေ ဆောင်ရွက်နိုင်ပါတယ်။

Local အတွက်ကိုတော့ ဆန်၊ မြေဖြူရောင်ဆန်စေ့၊ ဆန်ဝါ၊ ဆန်နီကြောင်း ဆွဲဆန်နှင့် ဆန်နီစေ့၊ ဆန်ပျက်၊ လုံးပိန်လုံးညှပ်ဆန် ဆန်အကြည် မျိုးကွဲဆန်စေ့များကို Aspect Ratio နဲ့ တိုင်းတာနိုင်ခြင်း၊ ဆန်တစ်စေ့ခြင်းစီရဲ့ အလျားနဲ့ အနံကို တိုင်းတာနိုင်ခြင်း၊ ဆန်တွေရဲ့ ပျမ်းမျှ အလျားနဲ့ အနံကို တိုင်းတာနိုင်ခြင်း၊ ဆန်၊ ဆန်ကွဲကြီး၊ ဆန်ကွဲသေးတို့ရဲ့

အလေးချိန်ကို ရာခိုင်နှုန်းနဲ့ ခန့်မှန်းနိုင်တယ်လို့ သိရပါတယ်။

AI နဲ့ ဆန်ကို စစ်ဆေးရာမှာ အချိန်ကုန်သက်သာခြင်းနဲ့ ဝန်ထမ်းစားရိတ်သက်သာခြင်း၊ အချိန် (၃) မိနစ်ခန့်ပေးရုံနဲ့ မှန်ကန်တိကျစွာ တွက်ချက်စစ်ဆေးနိုင်ခြင်း၊ အရောင်းအဝယ်တွေမှာ ဆန်အရည်အသွေးကို မှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်ခြင်းကြောင့် အမြတ်အစွန်းများစွာ ပိုမိုရရှိခြင်းနဲ့ စားသုံးသူတွေရဲ့ ယုံကြည်မှုကိုပိုမိုရရှိနိုင်တယ်လို့ ဖော်ပြပါတယ်။

ဒါ့ပြင် ဆန်အရောင်းအဝယ် ပြုလုပ်ရာတွင် သာမန်မျက်စိနဲ့ ခန့်မှန်းမှု၊ ကွဲလွဲမှုတွေကြောင့် ငွေကြေးဆုံးရှုံးမှုတွေကို ကြိုတင်ကာကွယ်နိုင်ခြင်းနဲ့ ဆန်စက်တွေရဲ့ ဆန်အရည်အသွေး ပြဿနာတွေကို လျင်မြန်စွာ ဖြေရှင်းနိုင်တယ်လို့ သိရပါတယ်။

**Source : –BETV Business**

## တိရစ္ဆာန်အစာအတွက် ပြည်ပမှ ပဲပုပ်ဖတ်တင်သွင်းရသည့် အခြေအနေရောက်ရှိလာနိုင်



ပြည်တွင်းတိရစ္ဆာန်အစာ လိုအပ်ချက်ရှိလာတာကြောင့် ပြည်ပမှ ပဲပုပ်ဖတ်တွေတင်သွင်းရမည့်အခြေအနေကို ရောက်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း MEOMA က ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

လတ်တလောမှာ ပြည်တွင်းဆီကြိတ်ဖတ်ဈေးတွေ တဖြည်းဖြည်းမြင့်တက်လျက်ရှိနေရာ ပဲဖတ်တစ်ပိဿာလျင် ငွေကျပ် ၆၀၀၀ ခန့် ပေါက်ဈေးရှိလာသည်။

သို့ဖြစ်၍ ပြည်တွင်းဆီစက်တွေအနေဖြင့် ကြိတ်ခွဲထွက်ရှိလာသည့် ကြိတ်ဖတ်များကိုကုန်ချိန်များစွာသိုလှောင်ထားခြင်း၊ ဈေးနှုန်းကြီးမြင့်အောင်လုပ်ဆောင်ခြင်းတွေ မပြုလုပ်ကြရန်လည်း အသိပေးစာ ထုတ်ပြန်ထားသည်။

ပြည်တွင်းဆီစက်များက ထွက်ရှိသည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်၊ ပန်းနုဖတ်၊ ပဲပုပ်ဖတ် စသည့် ဆီကြိတ်ဖတ်များမှာ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍအတွက် အရေးပါသော ကုန်စည်များဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မကွေး၌ အရှူးကြောင့် ဆောင်းမြေပဲစိုက်ပျိုးမှုနည်းလာ



မကွေးမြို့နယ်ရှိ တောင်သူတွေအနေနဲ့ ဆောင်းမြေပဲစိုက်ပျိုးရာမှာ အရှူးနဲ့သာကြုံတွေ့နေရတဲ့အတွက်စိုက်ပျိုးမှုနည်းပါးလာတယ်လို့ဒေသခံ တောင်သူတွေက ပြောပါတယ်။

မကွေးဒေသက တောင်သူတွေဟာ မိုးဦးကာလမှာ နှမ်း၊ မိုးနှောင်းကာလမှာ ဆောင်းမြေပဲကို အဓိကစီးပွားဖြစ်သီးနှံတွေအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြတာဖြစ်ပါတယ်။ မိုးနှောင်းကာလမှာ ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာတာကြောင့် သီတင်းကျွတ်လလောက်မှာပဲ မိုးရေရရှိမှု နည်းပါးသွားပြီး ဆောင်းမြေပဲအထွက်နှုန်း ကျဆင်းလာပါတယ်။

ရာသီဥတုဖောက်ပြန်သလို ကုန်ကျစရိတ်မြင့်မားပြီး ဈေးကွက်ကောင်းလည်းမရတာကြောင့် ဆောင်းမြေပဲစိုက်ပျိုးမှု နည်းပါးလာတာဖြစ်တယ်လို့ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာက တောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိကာလမှာ ဆောင်းမြေပဲတစ်ဧကေ စိုက်ပျိုးမှုကုန်ကျစရိတ်က ကျပ် ၁၇ သိန်းဝန်းကျင်ရှိပြီး တစ်ဧကအထွက်နှုန်းက ပျမ်းမျှတင်း ၅ဝ ကျော် ၆ဝ ဝန်းကျင်ရှိပါတယ်။ ဒါပေမဲ့စျေးကွက်မှာ မြေပဲအတောင့်တစ်တင်းကို ကျပ်နှစ်သောင်းခွဲကျော် သုံးသောင်းစျေးသာရှိတာကြောင့် မြေပဲစိုက်တောင်သူတွေ အရှုံးပေါ်နေကြတာဖြစ်ပါတယ်။ မကွေးဒေသမှာ မိုးနှောင်းကာလ ဆောင်းသီးနှံအနေနဲ့ မြေပဲ၊ ပဲစင်းငုံ၊ ပဲလွန်းတို့ကို အဓိကစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ညှော်မထဆန်(ဟောင်း)စျေးတက်၍ ညှော်မထဆန်(သစ်) စျေးကျကာ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့် ဖွဲနုစျေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုစျေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၁၂.၉.၂၀၂၅)ရက်နေ့တွင် ညှော်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ် ၅၈,၀၀၀ကျပ်၊ ညှော်မထဆန် (မနော်သုခ) (သစ်)တစ်အိတ် ၅၂,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၃,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ်၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

(၁၉.၉.၂၀၂၅) ရက်နေ့တွင် ညှော်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ညှော်မထဆန်(မနော်သုခ) (သစ်) တစ်အိတ် ၅၁,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ် ၂၀၀၀ ကျပ် စျေးတက်၍ ညှော်မထဆန်(မနော်သုခ)(သစ်)တစ်အိတ်၁၀၀၀ကျပ်စျေးကျကာပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့်ဖွဲနုစျေးများတည်ငြိမ်လျက်ရှိသည်။

ညှော်မထဆန် (မနော်သုခ)(ဟောင်း)စျေးမြင့်တက်သွားခြင်းမှာ စပါးစျေးကျဆင်း၍ ဆန်ကြိတ်ခွဲမှုလျော့သွားကာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်း ကြောင့် စျေးမြင့်တက်သွားခြင်းဖြစ်ပြီး ညှော်မထဆန်(မနော်သုခ)(သစ်) စျေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းခြင်းကြောင့် စျေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## မြေအိုးသုံးစွဲသူနည်းပါးလာသည့်အတွက် မြေအိုးလုပ်ငန်းလုပ်ကိုင်သူနည်းလာ



မြေအိုးသုံးစွဲသူနည်းပါးလာသဖြင့် မြေအိုးလုပ်ငန်းလုပ်ကိုင်သူများ တစ်ဖြည်းဖြည်းနည်းပါးသွားကြောင်းပျဉ်းမနားမြို့စဥ့်အိုးဘိုရပ်မှမြေအိုး စဥ့်အိုးလုပ်ကိုင်သူများက ဆိုပါတယ်။

“ခေတ်ကပြောင်းသွားတော့ မြေအိုးသုံးတဲ့သူကရှားသွားပြီလေ၊ သုံးတဲ့သူနည်းတော့ အလုပ်အကိုင်အရောင်းအဝယ်ကနည်းသွားတော့ လုပ်ငန်းလုပ်ကိုင်တဲ့သူတွေက နားသွားပြီး အခြားအဆင်ပြေတဲ့အလုပ်အကိုင်တွေ ပြောင်းလုပ်ကြရတာပေါ့၊ ပျဉ်းမနားစဥ့်အိုးဘိုရပ်ဆိုတာဟိုအရင်ကတည်းက တစ်ရပ်ကွက်လုံးနီးပါး မြေအိုး၊ စဥ့်အိုးလုပ်ကြသူတွေချည်းပဲ။ အခုတော့ရပ်ကွက်ထဲလုပ်ငန်းလုပ်တဲ့သူ လက်ငါးချောင်းမပြည့်ချင်တော့ဘူး”ဟု ပျဉ်းမနားစဥ့်အိုးဘိုရပ်မှ မြေအိုးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

နေပြည်တော် ပျဉ်းမနားမြို့တွင်မြို့တည်အချိန်ကတည်းက မြေအိုးလုပ်ငန်းချည်းလုပ်ကိုင်ကြသည့်အတွက် စဥ့်အိုးဘိုရပ်နှင့် အိုးဘိုတိုက်ရပ်ကွက်ဟူ၍ ရပ်ကွက်နှစ်ခုရှိခဲ့ပြီး ၊ သားစဉ်မြေးဆက် ယင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့ကြရာ ပြောင်းလဲလာသည့်ခေတ်ကာလ အခြေအနေများကြောင့်မြေအိုးသုံးစွဲသူနည်းပါးသွားသည့်အတွက် မိရိုးဖလာ လုပ်ငန်းများစွန့်၍ အခြားလုပ်ငန်းများပြောင်းလဲလုပ်ကိုင်စားသောက်ကြကြောင်း သိရပါတယ်။

"ယခုလက်ရှိဘုရားပန်းအိုး၊ပန်းစိုက်ပန်းအိုးတို့၊နောက်မီးဖိုချောင်သုံးအိုးလေးတွေ၊ဆီမီးခွက်လေးတွေ၊နောက်ဒိန်ချဉ်ထည့်တဲ့ မြေအိုးတွေလုပ်နေရတာပါ။ခေတ်နဲ့လျော်ညီတဲ့ ဆန်းသစ်တဲ့အလှပန်းအိုးတွေ၊ ပန်းစိုက်အိုးတွေ၊တိုက်တာခြံဝင်း ဟိုတယ်တွေ မှာလိုက်လျောညီထွေဖြစ်ပြီးလူတွေ မျက်စိပသာဒဖြစ်စေတဲ့ အလှဆင်ပန်းအိုးတွေ ဆန်းသစ်တီထွင်ပြီးလုပ်ရတာပေါ့။ ဒါမှ ဈေးကွက်မပျောက်ပျက်မှာ။ရှေးရိုးစွဲကြီးပဲလုပ်နေလို့မရဘူး၊ မြေအိုးလုပ်တဲ့အတတ်ပညာဟာ မြန်မာ့ယဉ်ကျေးမှုအနုပညာထဲ ပါတော့ ဒီလုပ်ငန်းတွေမပျောက်ပျက်အောင် ထိန်းသိမ်းထားသင့်တာပေါ့"ဟုစဥ့်အိုး၊မြေအိုးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

Source : https://opinionleadersmedia.com/

## ပထမဆုံးလျှပ်စစ်ကားစက်ရုံကိုတည်ဆောက်ခဲ့သည့် မလေးရှားကားထုတ်လုပ်သူ Proton



မလေးရှားကားထုတ်လုပ်သူ Proton သည် ၎င်းတို့၏ ပထမဆုံး လျှပ်စစ်ကားထုတ်လုပ်တပ်ဆင်သည့်စက်ရုံကိုစက်တင်ဘာလ ၄ ရက် နေ့က ဖွင့်လှစ်ခဲ့ပြီး ၎င်းတို့၏ လျှပ်စစ်ကားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရန်အတွက်ကြိုးပမ်းနေကြောင်း သိရသည်။

ထိုစက်ရုံသည် မလေးရှား၏ အဓိကမော်တော်ကားထုတ်လုပ်ရာ အချက်အချာဖြစ်သည့် western Perak state ၏ Automotive High-Tech Valley တွင်တည်ရှိပြီး ကနဦးနှစ်စဉ်ထုတ်လုပ်နိုင်စွမ်းမှာ ကားအစီးရေ ၂၀,၀၀၀ ရှိကာ ၄၅,၀၀၀ ထိ ထုတ်လုပ်နိုင် ရန်စီစဉ်ထားကြောင်း သိရသည်။

ပထမဆုံးထုတ်လုပ်မည့်မော်ဒယ်မှာ e.MAS 7 ဖြစ်ပြီး ၎င်း၏နောက်တွင် e.MAS 5 ကိုထုတ်လုပ်မည်ဟု သိရသည်။

Proton ကိုအဓိကအားဖြင့် မလေးရှားလုပ်ငန်းကြီး DRB HICOM ကပိုင်ဆိုင်ပြီး လက်ကျန်ရှယ်ယာ ၄၉ ဒသမ၉ ရာခိုင်နှုန်း ကို တရုတ်၏ Zhejiang Geely Holding Group ကပိုင်ဆိုင်ကြောင်း သိရသည်။

စက်ရုံဖွင့်ပွဲတွင်မလေးရှားဝန်ကြီးချုပ်Anwar Ibrahim က စက်ရုံသစ်သည် မလေးရှားနှင့်တရုတ်ကြားအနီးကပ်ပူးပေါင်း ဆောင်ရွက်မှုကို ရောင်ပြန်ဟပ်ကြောင်းပြောကြားခဲ့ပြီး Geely အား ကားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ အရှိန်မြှင့်တင်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဝန်ကြီးက ၎င်းတို့သည် Geely အား ထိုအခွင့်အရေးကို ကားများထုတ်လုပ်ရန်စက်ရုံသာမက လေ့ကျင့်ရေးနှင့်သင်ကြားရေး အတွက် အကောင်းဆုံးစင်တာအဖြစ် တည်ထောင်ရေးအသုံးချရန် အလိုရှိကြောင်း ပြောကြားခဲ့သည်။

မလေးရှားအစိုးရသည် လျှပ်စစ်ကားများအတွက် ဒေသတွင်းအချက်အချာဖြစ်လာရန် ကြိုးပမ်းလျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင် ကားအသစ်ရောင်းချမှုအားလုံး၏ ၂၀ ရာခိုင်နှုန်းကို hybrid နှင့် လျှပ်စစ်ကားများဖြစ်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Source : DOCA (ရန်ကုန်)**

**https://www.doca.gov.mm/**

## ကမ္ဘောဒီးယားသို့ ဗီယက်နမ်၏ ကော်ဖီတင်ပို့မှုမြင့်တက်



၂၀၂၅ ခုနှစ်၏ ပထမ ၇ လတွင် ဗီယက်နမ်သည် ကော်ဖီတန်ချိန် ၁ ဒသမ ၁ သန်းတင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရရှိခဲ့ပြီး တင်ပို့သည့်ပမာဏတွင် ၈ ရာခိုင်နှုန်းနှင့် တင်ပို့သည့်တန်ဖိုးတွင် ၆၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ဥရောပသည် အကြီးမားဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီးအာရှတွင် အထူးသဖြင့် ကမ္ဘောဒီးယားတွင်လည်း ဝယ်လိုအားကြီးထွားလျက်ရှိကြောင်း သိရသည်။

ဇူလိုင်လတွင် ဗီယက်နမ်သည် ကမ္ဘောဒီးယား သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ၇ သန်းတန်ဖိုးရှိသော ကော်ဖီတန်ချိန် ၇၁၃ တန်တင်ပို့ခဲ့ပြီးတင်ပို့သည့်ပမာဏတွင် ၄၀၆ ရာခိုင်နှုန်းနှင့်တင်ပို့သည့်တန်ဖိုးတွင် ၄၆၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံအကောက်ခွန်ဦးစီးဌာန၏အဆိုအရ သိရသည်။

ဇန်နဝါရီမှဇူလိုင်လထိ ၇ လ တာကာလတွင် ဗီယက်နမ်သည် ကမ္ဘောဒီးယားသို့ ကော်ဖီတန်ချိန် ၂၂၃၁ တန်တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါကပမာဏတွင် ၇၈ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၁၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းများသည်နှစ်နိုင်ငံကုန်သွယ်ရေးတည်ငြိမ်စွာမြင့်တက်ရေးတွင် ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၏ ပထမ ၇ လတွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံကို ကျော်ဖြတ်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ကုန်ပစ္စည်းများသည် ၎င်းတို့၏အရည်အသွေးနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသောဈေးနှုန်းတို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် လူကြိုက်များကြောင်း သိရ သည်။

တရုတ်နိုင်ငံတွင်ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း ညီလာခံတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် Hun Manet နှင့် အစည်းအဝေးအတွင် ဗီယက်နမ်ဝန်ကြီးချုပ် Pham Minh Chinh က သယ်ယူပို့ဆောင်ရေးအားကောင်းရန်၊ နယ်စပ်လုပ်ငန်းစဉ်များမြန်ဆန်ရန်နှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေးအမေရိကန်ဒေါ်လာ ၂၀ ဘီလီယံထိရောက်ရှိရန် အဆိုပြုခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးအတိုင်ပင်ခံ Do Viet Phuong က များစွာသောပို့ကုန်-သွင်းကုန်အမျိုးအစားများမှာ အားကောင်းသောအလားအလာကို ပြသနေခြင်းနှင့်အတူ နှစ်နိုင်ငံစီးပွားရေးသည်မြင့်မားစွာလိုက်ဖက်မှုရှိနေကြောင်းနှင့် ထိုမှတစ်ဆင့် နှစ်ဖက်အစိုးရချမှတ်ထားသည့် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဟု ပြောကြားခဲ့သည်။

ထိုအလားအလာကို အကောင်အထည်ဖော်ရန်အတွက်ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနတို့သည် ဗီယက်နမ်-ကမ္ဘောဒီးယားစီးပွားရေးချိတ်ဆက်မှုကွန်ဖရင့်ကို ဩဂုတ်လတွင် ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားတွင် ဗီယက်နမ်သည် ကမ္ဘောဒီးယားအသင်းအဖွဲ့များ၊ ဖြန့်ဖြူးရေးစနစ်များနှင့် သွင်းကုန်လုပ်ငန်းရှင်များနှင့်ချိတ်ဆက်မှုအားကောင်းရန်နှင့် ကုန်သွယ်ရေးပိုမိုညီမျှရန်နှင့်ချောမွေ့ရန်အတွက် နည်းစနစ်အတားအဆီးများကို ဖယ်ရှားရေးအတူတကွလုပ်ဆောင်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**Source : DOCA (ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (19.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,838 (Shares) | 11,591,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 50 | 380,000 | 33,109,694 | 251,634 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,150 | 3,150 | 1,510 | 4,756,500 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 140 | 1,050,000 | 10,400,986 | 78,007 |
| FPB | 00004 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 1,622 | 3,892,800 | 29,664,613 | 71,195 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 17 | 45,050 | 12,823,224 | 33,982 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 112 | 218,400 | 19,977,223 | 38,956 |
| AMATA | 00007 | 3,350 | +50 | +1.52% | 3,200 | 3,350 | 3,200 | 377 | 1,214,800 | 10,497,598 | 35,167 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 10 | 33,500 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 19th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.12 | -0.75 | -0.20% | 377.32 | 377.59 | 376.28 | 3,838 | 11,591,050 | 8 | 711,315 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 3,838 (Shares) | 11,591,050 (MMK) |

## Main Board

As of 1:00 pm, 19th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,838 (Shares) | 11,591,050 (MMK) |

| MYANPIX | 377.12 ▼ 0.75 |
|---|---|
| Total Volume (shares) | 3,838 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,315 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 2,400 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 3,350 | ▲ 50 |
| MAEX | 00008 | 3,350 | ▲ 0 |